
Translator - Shanhtet
ဂတနာနယ်မြေအရှင်သခင်
အတွဲ-၆

# အခန်း (၆၁)
# တစ်ဦးတည်းနှင့် သုံးဦးဆိုင်

*

ထိုခဏ၌ပင် ဝမ်ချိုင်သည် ချင်ယွမ်ဖုန်း၏ ရှေ့မှောက်သို့ ရုတ်ချည်း ခုန်အုပ်လိုက်ပြီးလျှင် ယင်း၏ အရှိန်အဝါတို့ကို ထုတ်ဖော်လိုက်ချေသည်။

ကြေးခွံပါ ဝံပုလွေသုံးကောင်တို့သည် မျက်လုံးအစုံ ပြူးကျယ်သွားကြလျက် အရှိန်ဖြင့် ပြေးဝင်လာရာမှ ရုတ်ခြည်း ရပ်တန့်သွားကြကုန်၏။

ယင်းတို့အပေါ်တွင် စီးနင်းလိုက်ပါလာသော ဝိညာဉ်သားရဲထိန်းကျောင်းရေးဂိုဏ်းမှ တပည့်သုံးဦးတို့မှာလည်း အရှိန်မထိန်းနိုင်ဘဲ လွင့်စင်

ကျသွားကြလေသည်။

"ဝမ်ချိုင်... တော်တယ်"

ချင်ယွမ်ဖုန်းသည် အေးစက်စွာ ပြုံးလိုက်မိ၏။ ဤသည်ကား စစ်ပွဲအစစ်အမှန်၏ နိဒါန်းမျှသာ ဖြစ်ချေသည်။

သူသည် လက်ရှိကိုင်ဆောင်ထားသော လုယန့် ဓားကို လေထဲ၌ တစ်ချက် ဝှေ့ယမ်းကာ အထက်သို့ ပင့်မြှောက်လိုက်ရာ ခရမ်းရောင် အလင်းတန်းတစ်ခု ပေါ်ထွက်လာပြီး ကျားလျန် ဖုန်းနှင့် အပေါင်းအပါတို့ကို လွှမ်းခြုံသွား တော့၏။

ထိုသုံးဦးမှာ လေထဲတွင် ဟန်ချက်ပျက်နေ သော်လည်း လျင်မြန်စွာပင် လုံ့ရှည်များကို မြှောက်၍ ခုခံကာကွယ်လိုက်ကြသည်။

"တင်း တင်း တင်း"

ကျယ်လောင်သော အသံသုံးချက်နှင့်အတူ

ဝိညာဉ်သားရဲထိန်းကျောင်းရေးဂိုဏ်းမှ တပည့်အားလုံး လွင့်ထွက်သွားကြရလေသည်။

"ထပ်လာစမ်း"

ချင်ယွမ်ဖုန်းသည် မိမိကိုယ်တွင်း၌ ကုန်ဆုံးနိုင်ဖွယ်မရှိသော ကိုယ်တွင်းစွမ်းအင်များ ပြည့်လျှံနေသကဲ့သို့ ခံစားရပြီး ဓားကိုဆွဲကာ ရှေ့သို့ တစ်ဟုန်ထိုး ပြေးဝင်သွားတော့၏။

ဝိညာဉ်သားရဲထိန်းကျောင်းရေးဂိုဏ်းမှ တပည့်သုံးဦးတို့သည် တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြရင်း ရင်ထဲ၌ ထိတ်လန့်တုန်လှုပ်ခြင်းများ ပြည့်နှက်သွားကြချေပြီ။

နန့်ဂူးမြို့၌ ကြေးခွံပါ ဝံပုလွေများ အဘယ်ကြောင့် ကြောက်လန့်တကြား ဝပ်စင်းခဲ့ကြသည်ကို ယခုမှပင် သူတို့ သဘောပေါက်နားလည်သွားကြတော့သည်။

ထိုသို့ဖြစ်ရသည်မှာ ချင်ယွမ်ဖုန်းကြောင့်

မဟုတ်ဘဲ သူ၏ ခွေးကြောင့်သာ ဖြစ်ပေ၏။

ထိုစဉ် ဝမ်ချိုင်သည် ခေါင်းကိုငုံ့ကာ ပါးစပ်မှ ကြီးမားသော အရိုးတုတ်တစ်ခုကို ထုတ်လိုက်ပြီးနောက် အူဟောက်လျက် ကြေးခွံပါ ဝံပုလွေသုံးကောင်ထံသို့ တိုက်ရိုက် ဦးတည်တိုက်ခိုက်လေတော့သည်။

ဝံပုလွေသုံးကောင်မှာ ကြောက်လန့်လွန်းသဖြင့် တုန်တုန်ရင်ရင်နှင့် ဝပ်စင်းနေကြရုံမှတစ်ပါး ပြန်လည်ခုခံခြင်းငှာ မစွမ်းသာကြချေ။

ဝမ်ချိုင်သည် အရိုးတုတ်ကို ခဲလျက် ယင်းတို့ကို တစ်ကောင်ပြီးတစ်ကောင် ရိုက်နှက်နှိမ်နင်းလိုက်ရာ မကြာမီပင် ဝံပုလွေတို့မှာ ခေါင်း၌ ဖူးသီးလုံးခန့် ဖုထွက်လျက် မြေပြင်ပေါ်တွင် လဲကျကုန်ကြတော့သည်။

"အူး ႈ ႈ ႈ..."

ဝမ်ချိုင်သည် ကောင်းကင်သို့ မော့ကြည့်ကာ

အောင်ပွဲခံသည့်အလား ဟိန်းဟောက်လိုက်ချေသည်။

ဝိညာဉ်သားရဲထိန်းကျောင်းရေးဂိုဏ်းမှ တပည့်များမှာမူ ထိုခွေးကြီးသည် အမှန်စင်စစ် အဆင့်မြင့်သော သားရဲတစ်ကောင် ဖြစ်နေကြောင်းနှင့် သူတို့အားလုံး အကဲဖြတ်မှားယွင်းခဲ့ကြောင်းကို နောက်ကျမှ သိလိုက်ကြရသည်။

သို့သော် သူတို့ စဉ်းစားနေရန် အချိန်မရှိတော့ပေ။ အဘယ်ကြောင့်ဆိုသော် ချင်ယွမ်ဖုန်းသည် သူတို့ရှေ့မှောက်သို့ ရောက်ရှိနေပြီဖြစ်ပြီး သူ၏ခြေလှမ်းများမှာလည်း မိုးတိမ်နင်းခြင်း ပညာရပ်ကြောင့် တိမ်တိုက်များ ဝေနေသကဲ့သို့ ထင်မှတ်ရကာ တစ္ဆေတစ်ကောင်အလား လျင်မြန်လှသောကြောင့် ဖြစ်၏။

"ခုတ်ပိုင်းစမ်း"

ချင်ယွမ်ဖုန်းသည် သူ၏ဓားရှည်ကို ဦးခေါင်း

အထက်သို့ မြောက်လျက် လေထဲတွင် စက်ဝိုင်းခြမ်းသဏ္ဍာန် အရှိန်အဝါတစ်ခု ချန် ရစ်ကာ ပြင်းထန်စွာ ခုတ်ချလိုက်ချေသည်။

ဓားချက်မကျရောက်မီမှာပင် ပြင်းထန်သော လေအဟုန်ကြောင့် မြေပြင်ပေါ်ရှိ ကျောက်ခဲနှင့် ဖုန်မှုန့်များမှာ လွင့်စင်သွားကြရ၏။

ပတ်ဝန်းကျင်ရှိ သစ်ပင်များမှာလည်း ချင်ယွမ် ဖုန်း၏ ဓားအရှိန်အဝါကို မခံနိုင်သည့်အလား တ ဖြုဖြု လှုပ်ခတ်သွားကြသည်။ ကျားလျန်ဖုန်း သည် မျက်လုံးအစုံ ပြူးကျယ်သွားလျက် လှုံ့ကို ပင် မမြောက်နိုင်သေးမီ ဓားချက်မှာ ကျ ရောက်လာခဲ့ချေပြီ။

ကျယ်လောင်သော အသံနှင့်အတူ ကျားလျန် ဖုန်းသည် ပြင်းထန်သော အားတစ်ခုကို ခံစား လိုက်ရပြီး ခြေထောက်များမှာ မခံနိုင်တော့ဘဲ မြေပြင်ပေါ်သို့ ဒူးထောက်ကျသွားရရှာသည်။

ချင်ယွမ်ဖုန်းသည် လှောင်ပြုံးပြုံးလျက် ဓားကို တစ်ဖန်မြှောက်ကာ ထပ်မံခုတ်ချလိုက်ပြန်ရာ တန်ဖိုးကြီးလှပါဟန်တူသော လုံရှည်မှာ နှစ်ပိုင်း ပြတ်သွားတော့၏။

ထို့နောက် ချင်ယွမ်ဖုန်းသည် ကျားလျန်ဖုန်းကို ကန်ထုတ်လိုက်ရာ သူသည် လွင့်ထွက်သွားလေ တော့သည်။

ကျန်ရှိသော တပည့်နှစ်ဦးမှာလည်း သတိဝင် လာပြီး လုံရှည်များကို ကိုင်စွဲလျက် ချင်ယွမ်ဖုန်း ထံသို့ ထိုးနှက်တိုက်ခိုက်ကြသည်။

ချင်ယွမ်ဖုန်းသည် ဓားဆွဲခုတ်ချက် ပညာရပ်ကို အသုံးပြုရန် ဓားကို မြေပြင်ပေါ်တွင် တရွတ် တိုက်ဆွဲလျက် နောက်သို့ ဆုတ်လိုက်၏။

ချင်ယွမ်ဖုန်း နောက်ဆုတ်သွားသည်ကို မြင် သောအခါ ထိုနှစ်ဦးမှာလည်း အခွင့်အရေးကို လက်မလွှတ်ဘဲ လုံဦးများကို ချင်ယွမ်ဖုန်း၏

ကျောပြင်သို့ ပစ်မှတ်ထားကာ အရှိန်အဟုန်ဖြင့် ပြေးဝင်လာကြသည်။

သို့သော် ထိုခဏ၌ပင် ချင်ယွမ်ဖုန်းသည် ရုတ်တရက် ခန္ဓာကိုယ်ကို မတ်လိုက်ပြီး ဓားရှည်ကို အလျားလိုက်ကိုင်စွဲကာ ခြေတစ်ဖက်ဖြင့် ထောက်လျက် နောက်သို့ လှည့်ခုတ်လိုက်ချေသည်။

ထိုဓားချက်တွင် ပြင်းထန်လှသော စွမ်းအားများ စုစည်းနေသဖြင့် လုယန့်ဓားမှာ အလင်းတန်းတစ်ခုအလား ပြောင်းလဲသွားတော့၏။ ထိုနှစ်ဦးမှာ လျင်မြန်စွာပင် လုံများကို အရှေ့၌ ကာလျက် ခုခံလိုက်ကြသည်။

"ဓားဆွဲ ခုတ်ချက်"

ဤဓားချက်ကား ချင်ယွမ်ဖုန်း ကြာမြင့်စွာကတည်းက အားအင်များ စုစည်းထားသော ချက်ကောင်းဖြစ်ရာ ဓားချက်ထွက်ပေါ်လာသည်နှင့်အတူ ပြင်းထန်သော လေပြင်းများ ဖြစ်

ပေါ်လာပြီး ပတ်ဝန်းကျင်ရှိ လေထုပင် ကွယ်ပျောက်သွားသကဲ့သို့ ခံစားရချေသည်။

ဓားရှည်သည် လုံရှည်များနှင့် ထိတွေ့သွားသောအခါ ပဲပြားကို လှီးဖြတ်သကဲ့သို့ အလွယ်တကူပင် ပိုင်းဖြတ်သွားပြီး ထိုနှစ်ဦး၏ ဝမ်းဗိုက်ကို ပြင်းထန်စွာ ထိမှန်သွားတော့၏။

နောက်ဆုံးခဏတွင် ချင်ယွမ်ဖုန်းသည် အားအနည်းငယ် လျှော့လိုက်သဖြင့် ထိုသူတို့ ခါးပြတ်မသွားသော်လည်း သွေးများ အဆက်မပြတ်စီးကျနေသော ထိတ်လန့်ဖွယ် ဒဏ်ရာများ ရရှိသွားကြလေသည်။

ချင်ယွမ်ဖုန်းသည် ဓားပေါ်ရှိ သွေးစက်များကို ခါထုတ်လိုက်ရာ ဓားမှာ မူလအတိုင်း ပြန်လည်စင်ကြယ်သွားတော့၏။ သူသည် ဓားကို ကျောပြင်ရှိ ဓားအိမ်ထဲသို့ အေးဆေးစွာ ပြန်ထည့်လိုက်ပြီး ထိုသုံးဦးကို လှည့်ပင်မကြည့်ဘဲ ဝမ်

ချိုင်ရှိရာသို့ လျှောက်သွားလေသည်။

သို့သော် ကျန်းယုံချန်း၏ ဘေးမှ ဖြတ်သန်းသွားစဉ် သူက တစ်ချက် ကန်လိုက်သဖြင့် ကျန်းယုံချန်းမှာ လန့်ဖျပ်သွားရရှာ၏။

"ဝမ်ချိုင်... သွားရအောင်"

ချင်ယွမ်ဖုန်းသည် ကျောပြင်ကို ဟန်ပါပါ ပြသလျက် ထွက်ခွာသွားတော့သည်။ ကျန်းယုံချန်းမှာမူ သူ၏ဒဏ်ရာကို ဖိထားလျက် မျက်နှာတွင် နာကျည်းမှုနှင့် အာဃာတများ ပြည့်နှက်နေချေပြီ။

သူတို့သည် ချင်ယွမ်ဖုန်းကို သင်ခန်းစာပေးရန် ကြံရွယ်ခဲ့သော်လည်း ဤမျှလွယ်ကူစွာ ရှုံးနိမ့်သွားလိမ့်မည်ဟု မထင်မှတ်ထားခဲ့ကြပေ။

ဒဏ်ရာ အနည်းဆုံးဖြစ်သော ကျားလျန်ဖုန်းသည် အပြေးအလွှား ရောက်ရှိလာပြီး သူ၏ ဂျူနီယာညီလေးနှစ်ဦး ပြင်းထန်စွာ ဒဏ်ရာရနေသည်ကို မြင်သောအခါ အလွန် စိုးရိမ်ပူပန်

သွားလေတော့သည်။

"သွားကြစို့၊ နန်ပူးမြို့ကို ပြန်ပြီး သမားတော် ရှာရမယ်"

ကျားလျှန်ဖုန်းသည် သတိလစ်နေသော ဝံပုလွေသုံးကောင်ကို နှိုးလိုက်ပြီး သူ၏ ညီငယ်နှစ်ဦးကို ခေါ်ဆောင်ကာ နန်ပူးမြို့သို့ ဦးတည်လျက် အပြေးအလွှား ထွက်ခွာသွားကြတော့၏။

သူတို့အားလုံး ဝေးရာသို့ ရောက်ရှိသွားသောအခါမှ ချင်ယွမ်ဖုန်းသည် တစ်ဖန်ပြန်လည် ပေါ်ထွက်လာချေသည်။ သူသည် တိုက်ပွဲဖြစ်ပွားခဲ့ရာ နေရာသို့ သွားရောက်ကာ စေ့စေ့စပ်စပ် ရှာဖွေလေတော့၏။

"ဒီမှာ ရှိနေတာပဲ"

ချင်ယွမ်ဖုန်းသည် ပြုံးလျက် ဆိုလိုက်သည်။ သူ စောစောက ထွက်ခွာသွားစဉ် မြေပြင်ပေါ်၌ သိုလှောင်အိတ်တစ်ခုကို တွေ့ရှိခဲ့သဖြင့်

မသိမသာ ကန်ထုတ်ခဲ့ခြင်း ဖြစ်၏။

ကျန်းယုံချန်းကမူ ချင်ယွမ်ဖုန်းက သူ့ကို အရှုက်ခွဲသည်ဟု ထင်မှတ်နေခဲ့ခြင်းမှာ အမှန်စင်စစ် ချင်ယွမ်ဖုန်းအပေါ် မတရား စွပ်စွဲခြင်းပင် ဖြစ်ပေသည်။

ဤသုံးဦးမှာ ဝိညာဉ်သားရဲထိန်းကျောင်းရေးဂိုဏ်းမှ တပည့်များ ဖြစ်ကြရာ တိုက်ရိုက်သတ်ဖြတ်လိုက်ပါက အပြစ်သည် ချင်ယွမ်ဖုန်းထံသို့ ကျရောက်လာမည် ဖြစ်သောကြောင့် သူတို့ကို မသတ်ခဲ့ခြင်း ဖြစ်၏။

ချင်ယွမ်ဖုန်းသည် ထိုသိုလှောင်အိတ်ကို ယူဆောင်လျက် အမြန်ပင် ထွက်ခွာခဲ့တော့သည်။ ဝမ်ချိုင်၏ ကျောပေါ်၌ ထိုင်ရင်း အိတ်ကို ဖွင့်ကြည့်လိုက်ရာ အတွင်း၌ နေရာအကျယ်အဝန်း များစွာမရှိသော်လည်း စတုတ္ထအဆင့် ရှိသော ဆေးမြက်ပင် ခုနစ်ပင်ကို တွေ့ရှိ

လိုက်ရသဖြင့် ချင်ယွမ်ဖုန်း၏ ရင်ထဲ၌ စိတ်လှုပ်ရှားမှုများ ပြည့်လျှံသွားရ၏။

ထို့ပြင် သားရဲများ ကျင့်စဉ် တိုးတက်စေရန် အထောက်အကူပြုသော ဆေးလုံးများကိုလည်း တွေ့ရှိရသေးသည်။ ထိုဆေးမြက်နှင့် ဆေးလုံးများမှာ ရနံ့အလွန် ပြင်းထန်လှရာ အိတ်ကို ဖွင့်လိုက်သည်နှင့် ရနံ့များမှာ ပျံ့လွင့်လာချေသည်။

"သူတို့ ဘာလို့ ဒီဆေးမြက်တွေနဲ့ ဆေးလုံးတွေကို ယူထားကြတာလဲ၊ ဝိညာဉ်ကျောက်တုံးတွေကိုပဲ ပိုသုံးသင့်တာ၊ ဒါက ဖြုန်းတီးတာပဲ"

ချင်ယွမ်ဖုန်းသည် သားရဲများအတွက် ဆေးလုံးများကို မလိုအပ်ပေ။

အဘယ်ကြောင့်ဆိုသော် သူ၏ သန့်စင်သောနတ်ရေစင်မှာ သူ၏အတွက် အကောင်းဆုံးသော ဆေးတစ်ခွက် ဖြစ်နေသောကြောင့် ဖြစ်သတည်း။

***

## အခန်း (၆၂)
## သားရဲမီးလျှံ
*

ပစ္စည်းအစုအဝေးအား သိမ်းဆည်းပြီးနောက် ချင်ယွမ်ဖုန်း သည် သိုလှောင်အိတ် အတွင်း၌ သေတ္တာငယ်တစ်လုံးကို ရှာဖွေတွေ့ရှိလေသည်။

"ဒါက ဘာများပါလိမ့်..." ချင်ယွမ်ဖုန်းသည် မျက်မှောင်ကြုတ်လျက် ရေရွတ်မိ၏။ သိုလှောင်အိတ်အတွင်း၌ ထိုသေတ္တာငယ်မှတစ်ပါး အခြားပစ္စည်းဟူ၍ မရှိတော့ချေ။

ယင်းသိုလှောင်အိတ်အား မိမိအတွက် အသုံးမလိုသော်ငြား ချန်ဒါချောင် နှင့် ချန်ရှောင်ချောင်

ညီအစ်မနှစ်ဖော်အတွက် အသုံးတည့်ပေလိမ့်မည်ဟု တွေးတောကာ သိမ်းဆည်းလိုက်၏။

သေတ္တာငယ်လေးမှာ အလွန်တရာ လက်ရာမြောက်လှပြီး မည်သည့်အရာဖြင့် ပြုလုပ်ထားသည်ကိုမူ ခွဲခြားရန် ခက်ခဲလှပေသည်။ သစ်သားလည်းမဟုတ်၊ ရွှေလည်းမဟုတ်ဘဲ လက်ထဲတွင် ဆုပ်ကိုင်ကြည့်ရာ၌ လေးလံထိုင်းမှိုင်းသော အထိအတွေ့ကို ပေးစွမ်းလေသည်။

ချင်ယွမ်ဖုန်းသည် ထိုသေတ္တာငယ်ကို ဖြည်းညှင်းစွာ ဖွင့်ကြည့်လိုက်ရာ အံ့အားသင့်ဖွယ် မြင်ကွင်းကို တွေ့လိုက်ရ၏။ သေတ္တာငယ်အတွင်း၌ မီးလျှံငယ်တစ်ခု တောက်လောင်နေသည် မဟုတ်လော။

အနီးကပ် ကြည့်ရှုစစ်ဆေးသော် မီးလျှံ၏

ဗဟိုချက်၌ သားရဲတစ်ကောင်၏ မော်အမြူတေ နှင့် ဆင်တူသော ပုံဆောင်ခဲတစ်ခု ရှိနေသည်ကို တွေ့ရသည်။

"ဒါ... ဒါက သားရဲမီးလျှံ များလား..." ချင်ယွမ်ဖုန်းသည် အံ့ဩလွန်းသဖြင့် မျက်လုံးအစုံ ပြူးကျယ်သွားရ၏။

သားရဲမီးလျှံအကြောင်းကို ကြားဖူးရုံမျှသာ ရှိသေးသော်လည်း ယခုမူ လက်ဝယ်ပိုင်ပိုင် ရရှိနေပြီ ဖြစ်သည်။

"ရှောင်လင်... ဒါ ဘာလဲဆိုတာ ကြည့်ပေးပါဦး" ဟု သူက မေးမြန်းလိုက်သည်။

ရှောင်လင်သည် ချင်ယွမ်ဖုန်း၏ အာရုံထဲတွင် ပေါ်လာပြီး တစ်ချက်ကြည့်ရုံမျှဖြင့် အဖြေကို သိရှိလေသည်။

"ဒါကတော့ အဆင့်မြင့် နဝမအဆင့်ရှိတဲ့ သားရဲတစ်ကောင်ရဲ့ မော်အမြူတေပဲ၊ သားရဲ

မီးလျှံလို့လည်း ခေါ်ကြတယ်... သုံးရတာတော့ အတော်လေး အဆင်ပြေမှာပါ"

ရှောင်လင်၏ ပြောဆိုပုံကို ချင်ယွမ်ဖုန်း ယဉ်ပါး နေပြီဖြစ်၍ စိတ်ထဲမထားတော့ဘဲ ဤအရာ သည် ဒဏ္ဍာရီလာ သားရဲမီးလျှံဖြစ်နေခြင်း အပေါ်၌သာ အာရုံရောက်နေတော့သည်။

ကြားဖူးနားဝရှိသည်မှာ သားရဲမီးလျှံသည် အလွန်တရာ ရှားပါးလှပြီး မီးဓာတ်အသုံးပြု သော သားရဲတိုင်း၌လည်း မရှိနိုင်ပေ။

သားရဲတစ်သောင်းတွင် တစ်ကောင်၌သာ ရှိခဲ လှသော ရတနာဖြစ်ရာ ချင်ယွမ်ဖုန်းအတွက်မူ ကံထူးသည်ဟု ဆိုရပေမည်။ ၎င်းမှာ နဝမ အဆင့် ပညာရှင်အဆင့် နှင့် ညီမျှသော အဆင့် မြင့် နဝမအဆင့် သားရဲ ထံမှ ရရှိခြင်းပင် ဖြစ်သည်။

ကျားလျှန်ဖုန်း နှင့် အပေါင်းအပါနှစ်ဦး နန်ဂူး

မြို့ သို့ လာရောက်ခြင်းမှာ ဤသားရဲမီးလျှံကို ရယူရန် ဖြစ်တန်ရာ၏။

"ဟားဟား... ငါ့ကံကတော့ တကယ်ကို ကောင်းလွန်းနေပြီ" ချင်ယွမ်ဖုန်းသည် ဝမ်းမြောက်ဝမ်းသာ ရယ်မောရင်း "ရှောင်လင်... ဒါကို ဘယ်လိုသုံးရမလဲ" ဟု မေးလိုက်သည်။

"ယေဘုယျအားဖြင့်တော့ သားရဲမီးလျှံရဲ့ စွမ်းအင်ကို စုပ်ယူဖို့ဆိုရင် ကြိုတင်ပြင်ဆင်မှုတွေ အများကြီး လိုအပ်တယ်၊ အအေးဓာတ်ရှိတဲ့ ရှားပါးဆေးမြက်တွေကလည်း မရှိမဖြစ်ပဲ... စုပ်ယူပြီးသွားရင်တောင် မီးလျှံရဲ့ စွမ်းအားက အတော်လေး လျော့နည်းသွားမှာ၊ မူလစွမ်းအားရဲ့ ထက်ဝက်လောက်ကို ထိန်းထားနိုင်ရင်တောင် အတော်လေး ကံကောင်းတယ်လို့ ပြောရမယ်" ဟု ရှောင်လင်က အေးဆေးစွာ ရှင်းပြ၏။

"ဒါဆိုရင်တော့ အတော်လေး လက်ဝင်မှာပဲ"

ချင်ယွမ်ဖုန်းက သက်ပြင်းချရင်း ဆိုသည်။

ရှောင်လင်ကမူ ပို၍ပင် စိတ်ပျက်ဟန်ဖြင့်

"အရှင်သခင်... ရှင်က အတော်လေး ညဏ်နည်းတာပဲ၊ ရှင့်မှာ ကောင်းကင်ဘုံကို တောင် ဆန့်ကျင်နိုင်တဲ့ စွမ်းအင်စုပ်ယူခြင်း မဟာပညာရပ် ရှိနေတာကို မေ့နေတာလား" ဟု ပြန်လည် ပြောကြားလိုက်သည်။

ထိုစကားကို ကြားသည်နှင့် ချင်ယွမ်ဖုန်း၏ မျက်လုံးများ လင်းလက်သွားတော့သည်။ မှန်ပေသည်... မိမိတွင် သွေးစက်များကိုပင် စုပ်ယူနိုင်သော စွမ်းအင်စုပ်ယူခြင်း ပညာရပ် ရှိနေသည် မဟုတ်လော။

ထိုမျှလောက်သော မီးလျှံငယ်ကိုမူ မဆိုထားနှင့်တော့။

ဝမ်ချိုင်ခွေးဘုရင် ၏ ကျောပေါ်တွင် ထိုင်လျက်ပင် ချင်ယွမ်ဖုန်းသည် လက်ဝါးကို ဖြန့်ကာ

သေတ္တာအတွင်းရှိ သားရဲမီးလျှံဆီသို့ ဦးတည်လိုက်သည်။

ချက်ချင်းဆိုသလိုပင် သူ၏ လက်ဝါးပြင်၌ ဟင်းလင်းပြင်အမည်းစက်ငယ်တစ်ခု ပေါ်လာပြီး စုပ်အားတစ်ခု ထွက်ပေါ်လာတော့သည်။

သားရဲမီးလျှံသည် စုပ်အားနှင့် ထိတွေ့ချိန်၌ အနည်းငယ် ခုခံနေသေးသဖြင့် ခဏတာမျှ စုပ်ယူ၍ မရနိုင်သေးဘဲ ဖြစ်နေ၏။

"ဒါက ဘာဖြစ်တာလဲ" ချင်ယွမ်ဖုန်းက မေးသည်။

"အဆင့်မြင့် သားရဲတွေက အသိဉာဏ် ရှိကြတယ်၊ သူတို့ သေဆုံးသွားရင်တောင် အသိဉာဏ်ရဲ့ အကြွင်းအကျန် ဒါမှမဟုတ် ဝိညာဉ်က မှော်အမြူတေထဲမှာ ကျန်နေတတ်တယ်၊ သားရဲမီးလျှံကလည်း မှော်အမြူတေ တစ်မျိုးပဲဆိုတော့ မွေးရာပါ ဗီဇအရ ခုခံနေတာပဲ" ဟု ရှောင်လင်က

ရှင်းပြလေသည်။

ချင်ယွမ်ဖုန်းသည် ခေါင်းညိတ်လိုက်ပြီး "နားလည်ပြီ... သူက သေပြီးသားပဲဥစ္စာ၊ ပြဿနာထပ်မရှာစမ်းပါနဲ့၊ ငါ့ရဲ့ စုပ်ယူခြင်းကိုသာ ခံလိုက်စမ်း" ဟု ဆိုကာ စုပ်အားကို မြှင့်တင်လိုက်ရာ သားရဲမီးလျှံသည် မခုခံနိုင်တော့ဘဲ ဟင်းလင်းပြင်အမည်းစက်အတွင်းသို့ စုပ်ယူခြင်း ခံလိုက်ရလေသည်။

ချင်ယွမ်ဖုန်းသည် ချက်ချင်းပင် တင်ပလ္လင်ခွေထိုင်လိုက်ပြီး လက်နှစ်ဖက်ကို ဝိညာဉ်စွမ်းအင်ပင်လယ် ပေါ်တွင် စုစည်းလျက် စွမ်းအင်စုပ်ယူခြင်း မဟာပညာရပ် ကို လျင်မြန်စွာ လှည့်ပတ်ကျင့်ကြံလေတော့သည်။

သားရဲမီးလျှံသည် ခန္ဓာကိုယ်အတွင်းသို့ ရောက်ရှိသွားသည်နှင့် တစ်ပြိုင်နက် ချင်ယွမ်ဖုန်းသည် မီးဖိုကြီးတစ်ခုအတွင်း ရောက်ရှိသွားသကဲ့သို့

ခံစားလိုက်ရပြီး တစ်ကိုယ်လုံးသည်လည်း ပြုတ်ထားသော ကဏန်းတစ်ကောင်ကဲ့သို့ နီရဲလာတော့သည်။

"ပူလိုက်တာ... အန္တရာယ်များ ရှိမလားမသိဘူး" သူသည် အနည်းငယ် ထိတ်လန့်သွားသော်လည်း စိတ်ကို တည်ငြိမ်စွာထားကာ ပညာရပ်ကိုသာ ဆက်လက် လှည့်ပတ်နေ၏။

သားရဲမီးလျှံသည် ချင်ယွမ်ဖုန်း၏ ကိုယ်တွင်း စွမ်းအင် နှင့်အတူ ခန္ဓာကိုယ် အနှံ့အပြားသို့ ပျံ့နှံ့စီးဆင်းသွားလေသည်။

အချိန်အနည်းငယ် ကုန်လွန်ပြီးနောက် ဝမ်ချိုင်သည် မြေနက်မြေ သို့ ပြန်လည်ရောက်ရှိလာ၏။

ချန်ဒါချောင်နှင့် ချန်ရှောင်ချောင်တို့သည် ဝမ်ချိုင်၏ ကျောပေါ်တွင် ကျင့်ကြံနေသော ချင်ယွမ်ဖုန်းကို မြင်သောအခါ နားမလည်နိုင်အောင် ဖြစ်ကြရသည်။

ထိုစဉ်တွင် ချင်ယွမ်ဖုန်း၏ ကိုယ်ပေါ်ရှိ အနီရောင်များမှာ တဖြည်းဖြည်း မှိန်ဖျော့သွားပြီဖြစ်သည်။ ညီအစ်မနှစ်ဖော်သည် ချင်ယွမ်ဖုန်းကို မနှောင့်ယှက်ဝံ့သဖြင့် ဝမ်ချိုင်အား သူ့ကို မြေပြင်ပေါ်သို့ အသာအယာ ချထားပေးရန်သာ ခိုင်းစေလိုက်ကြ၏။

ညဦးယံသို့ ရောက်သော်လည်း ချင်ယွမ်ဖုန်းမှာ နိုးထလာသည့် အရိပ်အယောင် မရှိသေးချေ။ ညီအစ်မနှစ်ယောက်စလုံး မိုက်ဆာလာကြသဖြင့် ချန်ရှောင်ချောင်က "အစ်မ… ကျွန်မတို့ တစ်ခုခု အရင်ချက်ပြုတ်ထားကြမလား" ဟု မေးသည်။

ချန်ဒါချောင်သည် ချင်ယွမ်ဖုန်းကို တစ်ချက်ကြည့်ကာ ခေါင်းညိတ်ပြလိုက်စဉ်မှာပင် ချင်ယွမ်ဖုန်း၏ ခန္ဓာကိုယ်မှာ တုန်ရင်သွားပြီး ဦးခေါင်းထက်မှ မီးလျှံတစ်ခု ပွင့်ထွက်လာလေ

သည်။

ထိုမီးလျှံမှာ အပြာရောင်ဖြစ်နေသဖြင့် ချန်ရှောင်ချောင်မှာ အလန့်တကြား ဖြစ်သွားရ၏။

"ဒုက္ခပဲ... မီးလောင်နေပြီ" ဟု ဆိုကာ ချင်ယွမ်ဖုန်း၏ ဦးခေါင်းပေါ်မှ မီးကို ငြိမ်းသတ်ရန် ကြိုးစားသော်လည်း မရချေ။

"ဖယ်လိုက်စမ်း... ငါလုပ်မယ်" ချန်ဒါချောင်သည် အပြေးအလွှား ရောက်လာပြီး လက်ဝါးတွင် စွမ်းအင်များကို စုစည်းကာ ရေခဲတုံးတစ်ခု သဖွယ် ဖန်တီး၍ ငြိမ်းသတ်ရန် ကြိုးစားသော်လည်း အပြာရောင်မီးလျှံမှာ ရေခဲနှင့် မတည့်သည့်အလား လုံးဝ ငြိမ်းသတ်၍ မရနိုင်ဘဲ ရှိနေသည်။

"အစ်မ... ခဏလောက် နေပါဦး" ချန်ရှောင်ချောင်က နားမလည်နိုင်သော မျက်နှာပေးဖြင့် တားလိုက်သည်။

"ဘာဖြစ်လို့လဲ... ကြာရင် ဖုန်းအစ်ကို မီးလောင်ပြီး သေသွားလိမ့်မယ်" ဟု ချန်ဒါချောင်က စိုးရိမ်တကြီး ပြောသော်လည်း မကြာမီမှာပင် သူမပါ ရပ်တန့်သွားရ၏။

အကြောင်းမူကား မီးလျှံများ တောက်လောင်နေသော်လည်း ချင်ယွမ်ဖုန်း၏ ဆံပင်တစ်ပင်မျှပင် မီးကျွမ်းခြင်း မရှိသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

မီးလျှံသည် ဦးခေါင်းထက်မှ စတင်သော်လည်း သူ့အား ဘေးဥပဒ် မပေးနိုင်သည်မှာ ထူးဆန်းလှပေသည်။

ယင်းနောက်တွင်မူ မီးလျှံများသည် ချင်ယွမ်ဖုန်း၏ တစ်ကိုယ်လုံးကို ဝန်းရံသွားတော့သည်။

သို့သော်လည်း ချင်ယွမ်ဖုန်း၏ မျက်နှာမှာ နာကျင်သည့် အရိပ်အယောင် မရှိသည့်အပြင် သူ၏ အဝတ်အစားများမှာလည်း တစ်စုံတစ်ရာ

ပျက်စီးခြင်း မရှိချေ။

ညီအစ်မနှစ်ဖော်သည် နားမလည်နိုင်ဘဲ ထို မီးလျှံကို လက်ဖြင့် ထိကြည့်ရာ အလွန်ပူပြင်း လွန်းသဖြင့် အော်ဟစ်ကာ လက်ကို ပြန်ရုပ် လိုက်ကြရသည်။

"ဒါက ဖုန်းအစ်ကို ကျင့်နေတဲ့ ကျင့်စဉ် ပညာရပ် များလား" ဟု ချန်ရှောင်ချောင်က မေး ရာ ချန်ဒါချောင်ကလည်း "ဒါပဲ ဖြစ်နိုင်လိမ့်မယ်" ဟု အေးဆေးစွာ ပြန်ပြောလိုက်သည်။

သူတို့နှစ်ဦးသည် တစ်စုံတစ်ရာ ဖြစ်လာမည်ကို စိုးရိမ်သဖြင့် အနားမှ မခွာဘဲ စောင့်ကြည့်နေကြ စဉ် ခဏအကြာ၌ မီးလျှံများသည် တဖြည်းဖြည်း ကျုံ့ဝင်သွားပြီး ချင်ယွမ်ဖုန်း၏ လက်ဝါးအတွင်း သို့ ငုပ်လျှိုးကာ ပျောက်ကွယ်သွားလေတော့ သတည်း။

***